**ခုံသမာဓိကောင်စီ**

**ခုံအဖွဲ့၏ ဆုံးဖြတ်ချက်**

**{ နည်းဥပဒေ ၂၃ (စ) }**

**ခုံအဖွဲ့**

၂၀၂၂ ခုနှစ်၊ လျှောက်ထားသည့်အငြင်းပွားမှုအမှတ် (၄၃/၂၀၂၂)

ဦးသန့်စင်ထွန်း ( အလုပ်ရှင်)
Myanmar Consolidated Media Co., Ltd(MYANMAR TIMES)
ဒေါ်မိုးမိုးအေး(တရားလွှတ်တော်ရှေ့နေ)
(အထူးကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူ)
အမှတ် (၃၃၂/A)၊ ပြည်လမ်း၊ မြေနီကုန်း(မြောက်)၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

နှင့်

ဦးဇေယျာဟိန်းပါ (၅)ဦး (အလုပ်သမား)
အမှတ် (၂/က)) ၊ ရွှေသရဖီလမ်း၊ (၅၁)ရပ်ကွက်၊ ဒဂုံမြို့သစ်
(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

} လျှောက်ထားသူ

နှင့်

ဦးဇေယျာဟိန်းပါ (၅)ဦး (အလုပ်သမား)
အမှတ် (၂/က)) ၊ ရွှေသရဖီလမ်း၊ (၅၁)ရပ်ကွက်၊ ဒဂုံမြို့သစ်
(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

နှင့်

ဦးသန့်စင်ထွန်း ( အလုပ်ရှင်)
Myanmar Consolidated Media Co., Ltd(MYANMAR TIMES)
ဒေါ်မိုးမိုးအေး(တရားလွှတ်တော်ရှေ့နေ)
(အထူးကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူ)
အမှတ် (၃၃၂/A)၊ ပြည်လမ်း၊ မြေနီကုန်း(မြောက်)၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

} လျှောက်ထားခြင်းခံရသူ

ရက်စွဲ၊ ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၁၆ ရက်

## ဆုံးဖြတ်ချက်

၁။ ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်း(မြောက်)၊ ပြည်လမ်း၊ အမှတ် (၃၃၂/A) ရှိ Myanmar Consolidated Media Co.,Ltd (MYANMAR TIMES) မှ ဦးသန့်စင်ထွန်း (အလုပ်ရှင်)၊ ဒေါ်မိုးမိုးအေး (တရားလွှတ်တော်ရှေ့နေ/အထူးကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူ) နှင့် ဦးဇေယျာဟိန်း ပါ အလုပ်သမား (၅) ဦးတို့အကြား ဖြစ်ပွားသော အငြင်းပွားမှုကို စမ်းချောင်းမြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့မှ ညှိနှိုင်းဆောင်ရွက်ပေးခဲ့သော်လည်း ပြေလည်မှုမရရှိခဲ့သဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့က အငြင်းပွားမှုအမှတ် (၅၂/၂၀၂၂) ဖြင့် ထိုအငြင်းပွားမှုကို ကြားနာစစ်ဆေးခဲ့ပြီး ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၂၂ရက်နေ့တွင် အောက်ပါအတိုင်း ကောက်ချက်ပြု၍ ဆုံးဖြတ်ပေးခဲ့သည်-

**ကောက်ချက်**။ တောင်းဆိုသူအလုပ်သမားဦးဇေယျာဟိန်းပါ (၅) ဦးအား လုပ်သက်အလိုက် အလုပ်ရပ်စဲမှု နစ်နာကြေးပေးရန် သင့်/မသင့်။

**ဆုံးဖြတ်ချက်**။ တောင်းဆိုသူ အလုပ်သမား ဦးဇေယျာဟိန်းပါ (၅) ဦးအား လုပ်သက်အလိုက် နစ်နာကြေးကို အလုပ်ရှင်ပေးသော လစာ၏ ၈၀%ဖြင့် တစ်ဒေါ်လာလျှင် ယခုအစိုးရသတ်မှတ်ဈေးနှုန်း ကျပ် ၂,၁၀၀/- ဖြင့် အောက်ပါအတိုင်း တွက်ချက်ထုတ်ပေးရန် ဆုံးဖြတ်လိုက်သည်-

| စဉ် | အမည် | အလုပ်ရှင်ပေးသော လစာ၏ ၈၀% | အလုပ်ဝင် ရက်စွဲ | ၃၀-၉-၂၀၂၂ ရက်နေ့ အထိ လုပ်သက် | နစ်နာကြေး စုစုပေါင်း |
|---|---|---|---|---|---|
| ၁ | ဦးဇေယျာဟိန်း | USD 350 × ၈၀% = USD 280<br>USD $ 280 × ၂,၁၀၀/-=<br>၅၈၈,၀၀၀/- | ၁-၃-၂၀၁၉ | ၃နှစ် ၆လ | ၅၈၈,၀၀၀/-× ၃ = ၁,၇၆၄,၀၀၀/- |
| ၂ | ဦးဇာနည် | USD 578 × ၈၀% = USD 462.4<br>USD 462.4 × ၂,၁၀၀/-=<br>၉၇၁,၀၄၀/- | ၃-၈-၂၀၀၉ | ၁၃နှစ် ၁လ | ၉၇၁,၀၄၀/-× ၃ = ၇,၇၆၈,၃၂၀/- |

| | | | | | |
|---|---|---|---|---|---|
| ၃ | ဦးတိုးဝေအောင် | USD 350 × ၈၀% = USD 280<br>USD 280 × ၂,၁၀၀/-=<br>၅၈၈,၀၀၀/- | ၁-၆-၂၀၁၃ | ၉နှစ် ၃လ | ၅၈၈,၀၀၀/-× ၆<br>=၃,၅၂၈,၀၀၀/- |
| ၄ | ဦးစည်သူအောင်မျိုးကျော် | USD 350 × ၈၀% = USD 280<br>USD 280 × ၂,၁၀၀/-=<br>၅၈၈,၀၀၀/- | ၁-၅-၂၀၁၉ | ၃နှစ် ၄လ | ၅၈၈,၀၀၀/-× ၃<br>= ၁,၇၆၄,၀၀၀/- |
| ၅ | ဦးသက်ဇင်စိုး | USD 400 × ၈၀% = USD 320<br>USD 320 × ၂,၁၀၀/-=<br>၆၇၂,၀၀၀/- | ၁၂-၁၁-၂၀၁၉ | ၂နှစ် ၉လ | ၆၇၂,၀၀၀/-× ၁၁/၂<br>= ၁,၀၀၈,၀၀၀/- |

၂။ ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့၏ အငြင်းပွားမှုအမှတ် (၅၂/၂၀၂၂) ဆုံးဖြတ်ချက် အပေါ် အလုပ်ရှင်၊ အလုပ်သမား နှစ်ဖက်လုံးမှ ကျေနပ်မှုမရှိသဖြင့် ခုံသမာဓိကောင်စီသို့ ပြင်ဆင်မှု လျှောက်ထားခဲ့ရာ အလုပ်သမားဝန်ကြီးဌာန၊ ခုံသမာဓိကောင်စီ၊ ရုံးအမိန့်စာအမှတ် (၂၁၃/၂၀၂၂) ဖြင့် ခုံသမာဓိကောင်စီ၊ အမှုအမှတ် (၄၃/၂၀၂၂) အား ကြားနာစစ်ဆေးမည့် ခုံအဖွဲ့ ဥက္ကဋ္ဌ ဦးဖေအောင်ဝန် (ဝန်ကြီးဌာနကိုယ်စားလှယ်)၊ အဖွဲ့ဝင် ဒေါ်မြတ်မြတ်ကျော် (အလုပ်ရှင်ကိုယ်စားလှယ်) နှင့် အဖွဲ့ဝင် ဦးမောင်မောင်အေး (အလုပ်သမားကိုယ်စားလှယ်) တို့ပါဝင်သော ခုံအဖွဲ့ကို ဖွဲ့စည်းတာဝန် ပေးအပ်ခဲ့သည်။

၃။ ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့၏ အငြင်းပွားမှုအမှတ် (၅၂/၂၀၂၂) ဆုံးဖြတ်ချက် အပေါ် အလုပ်ရှင်၊ အလုပ်သမား နှစ်ဖက်လုံးမှ ကျေနပ်မှုမရှိသဖြင့် ခုံသမာဓိကောင်စီသို့ လျှောက်ထားလာသည့် ဤအငြင်းပွားမှုအား ခုံသမာဓိကောင်စီ၊ ခုံအဖွဲ့သည် အမှုစစ်ဆေးရာတွင် ၂၀၁၂ ခုနှစ်၊ အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးနည်းဥပဒေ ၂၃ (က)ကို ကျင့်သုံးလျက် သက်ဆိုင်သူ အလုပ်ရှင်၊ အလုပ်သမားတို့ကို ခေါ်ယူကြားနာစစ်ဆေးခြင်းမပြုဘဲ ခုံသမာဓိကောင်စီ၊ ခုံအဖွဲ့မှ အမှုတွဲကို လက်ခံရရှိပြီးနောက် မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့နှင့် ခုံသမာဓိအဖွဲ့တို့၏ မှတ်တမ်းများ၊ တင်ပြလာသော စာရွက်စာတမ်းများ၊ အထောက်အထားသက်သေခံများ၊ တောင်းဆို သူနှင့် တောင်းဆိုခြင်းခံရသူတို့၏တောင်းဆိုလွှာ၊ ချေပလွှာများ၊ နှစ်ဖက်ထွက်ဆိုချက်များ၊

လျှောက်ထားသူ အလုပ်ရှင်နှင့် အလုပ်သမားနှစ်ဖက်စလုံး၏ လျှောက်ထားလွှာတို့အပေါ် အခြေခံ၍ အောက်ပါအတိုင်း ကောက်ချက်များရေးဆွဲပြီး စီရင်ဆုံးဖြတ်လိုက်သည်-

**ကောက်ချက်**။ အလုပ်သမား ဦးဇေယျာဟိန်းပါ (၅) ဦးအား ၎င်းတို့၏ လုပ်သက်အလိုက် အလုပ်ရပ်စဲမှု နစ်နာကြေးပေးရန် သင့်/မသင့်။

**<u>တွေ့ရှိချက်နှင့် သုံးသပ်ချက်</u>**

၄။ Myanmar Consolidated Media Co.,Ltd (MYANMAR TIMES) သည် ကိုဗစ်-၁၉ ကပ်ရောဂါနှင့် မျက်မှောက်ရေးရာကာလအခြေအနေများကြောင့် ကုမ္ပဏီကို ၁-၃-၂၀၂၀ ရက်နေ့မှစ၍ ယာယီပိတ်သိမ်းခဲ့ရာ ဝန်ထမ်းများအား မိသားစုစားဝတ်နေရေး ပြေလည်မှုရရှိရန် ထောက်ပံ့ကြေးများပေးခဲ့ပြီး ယခုလက်ရှိအခြေအနေတွင် စီးပွားရေးကြပ်တည်းမှုနှင့် လုပ်ငန်းလည်ပတ်နိုင်မှုအခက်အခဲများကြောင့် ဝန်ထမ်းများအား အလုပ်မှရပ်စဲခဲ့သည်။ အလုပ်သမား ဦးဇေယျာဟိန်းပါ (၅)ဦးမှ ဥပဒေနှင့်အညီ အလုပ်ရပ်စဲမှုနစ်နာကြေးများ ရလိုကြောင်း စမ်းချောင်းမြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့သို့ တိုင်ကြားခဲ့ခြင်းဖြင့် အငြင်းပွားမှုပေါ်ပေါက်သည်။ မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့က (၃) ကြိမ်တိုင်တိုင် ညှိနှိုင်းဖြေရှင်းဆောင်ရွက်ပေးခဲ့သော်လည်း ပြေလည်မှုမရရှိသောကြောင့် ၁၃-၁၀-၂၀၂၂ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့သို့ အမှုတွဲအား လွှဲပြောင်းပေးပို့ခဲ့ကြောင်း တွေ့ရှိရသည်။

၅။ ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့က အငြင်းပွားမှုအမှတ် (၅၂/၂၀၂၂) အဖြစ် လက်ခံ၍ စီရင်ဆုံးဖြတ်ပေးရာတွင် Myanmar Consolidated Media Co.,Ltd (MYANMAR TIMES) သည် လုပ်ငန်းလည်ပတ်မှုခက်ခဲခြင်းနှင့် လုပ်ငန်းရပ်ဆိုင်းထားရခြင်းကြောင့် ငွေရေးကြေးရေး အရှုံးပေါ်ခြင်းတို့ကြောင့်လည်းကောင်း၊ ယာယီပိတ်သိမ်းစဉ်ကာလအတွင်း ဝန်ထမ်းများ အလုပ်မလုပ်ရဘဲ ရေရှည်ထောက်ပံ့ကြေးများ ပေးခြင်းအပေါ် ဆက်လက်ထိန်းသိမ်းထားရန် မဖြစ်နိုင်ခြင်းကြောင့်လည်းကောင်း၊ နိုင်ငံနှင့်အဝှမ်းကြုံတွေ့ရသော စီးပွားရေးအကြပ်အတည်းအခြေအနေတို့ကြောင့် ဝန်ထမ်းများအား အလုပ်ရပ်နားခြင်းဖြစ်ကြောင်း၊ တောင်းဆိုသူ အလုပ်သမား ဦးဇေယျာဟိန်းပါ (၅) ဦးအား ကုမ္ပဏီမှရပ်နားခဲ့ခြင်းနှင့် ၈-၈-၂၀၂၀ ရက်စွဲဖြင့် အမိန့်ကြော်ငြာစာတွင် ဝန်ထမ်းများအတွက် အလုပ်သမားဥပဒေနှင့်အညီ လုပ်သက်အလိုက်ခံစားခွင့်များ ပေးအပ်နိုင်ရေး ဆောင်ရွက်သွားမည်ဟု ထုတ်ပြန်ထားခြင်းကြောင့် အလုပ်ရပ်စဲခံရသော အလုပ်သမားနှင့်ပတ်သက်၍ အမိန့်ကြော်ငြာစာအမှတ် (၈၄/၂၀၁၅) ဖြင့် လုပ်သက်အလိုက်နှင့် အလုပ်ရှင်ပေးလိုသော လစာ၏ ၈၀%အား အစိုးရ၏ ဒေါ်လာဈေးနှုန်းဖြင့် နစ်နာကြေးရသင့်ကြောင်းနှင့် (၁) လကြိုတင်အကြောင်း

ကြားစာ ထုတ်ပြန်ထား၍ နို့တစ်ကြေး (၁) လစာ မရသင့်ကြောင်း ၊ တောင်းဆိုသူ အလုပ်သမား ဦးဇေယျာဟိန်းပါ (၅) ဦးတို့အား အလုပ်ခန့်ထားမှုဆိုင်ရာသဘောတူညီချက်စာချုပ် (ECစာချုပ်)ပါ စည်းကမ်းချက်များဖြင့် အပြစ်ပေးအရေးယူ၍ အလုပ်မှရပ်နားခဲ့ခြင်းမဟုတ်ဘဲ ကုမ္ပဏီ၏ စီးပွားရေးအကြပ်အတည်းနှင့် ငွေရေးကြေးရေး အရှုံးပေါ်ခြင်းကြောင့် အလုပ်မှရပ်နားခြင်းဖြစ် သည့်အတွက် (၈၄/၂၀၁၅) အမိန့်ကြော်ငြာစာတွင် OTမပါ နောက်ဆုံးထုတ်လစာဖြင့် လုပ်သက် နစ်နာကြေးဖြင့် တွက်ချက်ခံစားရမည်ဖြစ်၍ နောက်ဆုံးထုတ်လစာသည် အလုပ်မှ မထုတ်ပယ်မီ ရရှိခဲ့သော လစာဖြစ်ကြောင်း၊ အလုပ်မှမထုတ်ပယ်မီရရှိခဲ့သော အလုပ်သမား ဦးဇေယျာဟိန်းပါ (၅)ဦး တို့သည် ယာယီပိတ်သိမ်းစဉ်ကာလအတွင်း အလုပ်မလုပ်ရဘဲ မိသားစုစားဝတ်နေရေးပြေလည် စေရန်အတွက် အလုပ်ရှင်မှ ထောက်ပံ့ကြေးအဖြစ်ပေးခဲ့သော အခကြေးငွေဖြစ်၍ အလုပ်သမား များအတွက်အလွန်နစ်နာခြင်းဖြစ်ခြင်းနှင့် အလုပ်ရှင်အနေဖြင့်လည်း ကိုဗစ်-၁၉ ကပ်ရောဂါနှင့် မျက်မှောက်ရေးရာအခြေအနေများကြောင့် ယာယီပိတ်သိမ်းစဉ်ကာလအတွင်း အလုပ်မလုပ်ရဘဲ တစ်နှစ်ကျော် ထောက်ပံ့ကြေးပေးခြင်းအပေါ် ထောက်ရှုပြီး နိုင်ငံနှင့်အဝှမ်းတွေ့ကြုံရသော စီးပွား ရေးအကြပ်အတည်းရှိခြင်းတို့ကြောင့် အလုပ်ရှင်၊ အလုပ်သမား နှစ်ဦးနှစ်ဖက် ညီမျှမှုရှိစေရန် လုပ်သက်အလိုက်နစ်နာကြေးနှုန်းထားအား အလုပ်ရှင်တင်ပြထားသော အလုပ်သမားများရရှိခဲ့ သည့် လစာ၏ ၈၀% ဖြင့် ရသင့်ကြောင်း၊ တောင်းဆိုသူ အလုပ်သမား ဦးဇေယျာဟိန်းပါ (၅) တို့အား ကုမ္ပဏီမှရပ်နားခဲ့ခြင်းနှင့် ၈-၈-၂၀၂၂ ရက်စွဲဖြင့် အမိန့်ကြော်ငြာစာတွင် ဝန်ထမ်းများ အတွင် အလုပ်သမားဥပဒေနှင့်အညီ လုပ်သက်အလိုက်ခံစားခွင့်များ ပေးအပ်နိုင်ရေး ဆောင်ရွက် သွားမည်ဟု ထုတ်ပြန်ထားခြင်းကြောင့် အလုပ်ရပ်နားခံရသော အလုပ်သမားများနှင့်ပတ်သက်၍ အမိန့်ကြော်ငြာစာအမှတ် (၈၄/၂၀၁၅) ဖြင့် လုပ်သက်အလိုက်နစ်နာကြေးနှင့် နစ်နာကြေးနှုန်းထား များအား အလုပ်ရှင်တင်ပြထားသည့်ရရှိခဲ့သော USD $ ၏ ၈၀% ဖြင့် တွက်ချက်ခံစားခွင့်ရသင့် ကြောင်းနှင့် (၁) လကြိုတင်အကြောင်းကြားစာ ထုတ်ပြန်ထား၍ နို့တစ်ကြေးတစ်လစာ မရသင့် ကြောင်း သုံးသပ်ဖော်ပြလျက် တောင်းဆိုသူ အလုပ်သမား ဦးဇေယျာဟိန်းပါ(၅) ဦးအား လုပ်သက် အလိုက်နစ်နာကြေးကို အလုပ်ရှင်ပေးသောလစာ၏ ၈၀ % ဖြင့် တစ်ဒေါ်လာလျှင် ယခုအစိုးရ သတ်မှတ်ဈေးနှုန်း ကျပ် ၂,၁၀၀/-ဖြင့် တွက်ချက်ထုတ်ပေးရန် ဆုံးဖြတ်ချက်ချမှတ်ထားသည်ကို စိစစ်တွေ့ရှိရသည်။

၆။ ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့၏ အငြင်းပွားမှုအမှတ် (၅၂/၂၀၂၂ ) ဆုံးဖြတ်ချက် အပေါ် အလုပ်ရှင်နှင့် အလုပ်သမား နှစ်ဖက်စလုံးမှ ကျေနပ်မှုမရှိသဖြင့် ခုံသမာဓိကောင်စီသို့

ပြင်ဆင်မှုအယူခံ လျှောက်ထားလာကြခြင်းဖြစ်သည်။ လျှောက်ထားသူ အလုပ်ရှင်၏ လျှောက်ထားလွှာတွင် အဓိကအကြောင်းပြသည်မှာ အလုပ်ရှင်အနေဖြင့် အလုပ်သမားများအား လစာရှင်းပေးရာတွင် တစ်ဒေါ်လာလျှင် ၁,၅၁၀/- နှုန်းဖြင့် သတ်မှတ်ထားသည့် လစာကိုသာ ပေးအပ်ခဲ့ခြင်းအပေါ် အလုပ်သမားများဘက်မှလည်း တစ်ဒေါ်လာလျှင် မြန်မာငွေကျပ် ၁,၅၁၀/- နှင့်ညီမျှသော မြန်မာငွေ Amount ကိုသာ ကျေနပ်သဘောတူညီစွာဖြင့် လက်ခံရယူခဲ့သည်ဖြစ်၍ အလုပ်ရှင်အနေဖြင့် အလုပ်ထုတ်နစ်နာကြေးအဖြစ် ၈၀% ကိုလည်း တစ်ဒေါ်လာလျှင် မြန်မာငွေကျပ် ၁,၅၁၀/-နှုန်းဖြင့် သတ်မှတ်ပေးသင့်သည်ဖြစ်၍ ယခုကဲ့သို့ အယူခံတက်ရောက်ရခြင်းဖြစ်ကြောင်း၊ အလုပ်ရှင်အနေဖြင့်လည်း အလုပ်ထုတ်နစ်နာကြေး ၈၀% ကို တစ်ဒေါ်လာလျှင် မြန်မာငွေကျပ် ၁,၅၁၀/- နှုန်းဖြင့်သာ ပေးအပ်ရန် ဆန္ဒရှိကြောင်း ၊ အလုပ်ရှင်ဘက်မှ တစ်ဒေါ်လာလျှင် မြန်မာငွေကျပ် ၁,၅၁၀/- နှုန်းဖြင့် သတ်မှတ်ထားသည့်လစာ Amount ကို မြန်မာငွေကျပ်ဖြင့်သာ ပေးချေခဲ့ခြင်းအပေါ် အလုပ်သမားများဘက်ကလည်း သဘောတူကျေနပ်စွာဖြင့် လက်ခံရယူပြီးဖြစ်ကြောင်း၊ အလုပ်ရှင်အနေဖြင့် လုပ်ငန်းများမလည်ပတ်နိုင်ဘဲ ရပ်ဆိုင်းထားရသည့် အခြေအနေမျိုးအရှုံးပေါ်နေသည့် အခြေအနေမျိုးတို့တွင် အလုပ်ရှင်ဘက်မှ အလုပ်သမားများအပေါ် စာနာငဲ့ညှာထောက်ထားသောအားဖြင့် အလုပ်ရှင်ဘက်မှ အလုပ်စပိတ်ထားသော ၂၀၂၁ ခုနှစ်၊ မတ်လမှ ၂၀၂၂ခုနှစ်၊ ဖေဖော်ဝါရီလအထိ တစ်နေ့လျှင် ၄,၈၀၀/- ကျပ်နှုန်းအား အလုပ်ပိတ်ရက် (စနေ၊ တနင်္ဂနွေ) မပါဘဲ ပေးအပ်ခဲ့ပါကြောင်း အထောက်အထားများကိုလည်း ပူးတွဲတင်ပြအပ်ပါသည်။ အလုပ်သမား ဦးဇေယျာဟိန်းပါ (၅) ဦးတို့အား အလုပ်စတင်ခန့်သည့်ကာလကတည်းက တစ်ဒေါ်လာလျှင် မြန်မာငွေကျပ် ၁,၅၁၀/- နှုန်းဖြင့် သတ်မှတ်ကာ မြန်မာငွေကျပ်ဖြင့်သာ ပေးအပ်ခဲ့ပါကြောင်း၊ ကုမ္ပဏီအနေဖြင့် ယခုဆုံးဖြတ်ချက်ပါ နစ်နာကြေးပမာဏသည် (၈၄/၂၀၁၅) အမိန့်ကြော်ငြာစာပါ နစ်နာကြေးနှုန်းထားအတိုင်း ခံစားခွင့်ပေးရမည့် ပမာဏထက်ပင် ပိုမို၍ များပြားနေသဖြင့် အလုပ်ရှင်မှ ပို၍များစွာနစ်နာနေပါကြောင်း၊ အလုပ်ရှင်ဘက်မှ မျက်မှောက်ရေးရာကာလအခြေအနေများကြောင့် လုပ်ငန်းများမလည်ပတ်နိုင်တော့ဘဲ ရပ်ဆိုင်းထားရသည့် အခြေအနေတို့ကြောင့် အလုပ်ထုတ်နစ်နာကြေးအား အလုပ်ရှင်၏ အခက်အခဲများစွာကိုလည်း ငဲ့ညှာထောက်ထားကာ အလုပ်ရှင်ဘက်မှ အလုပ်ထုတ်နစ်နာကြေးအဖြစ် ၈၀% အား တစ်ဒေါ်လာလျှင် မြန်မာငွေကျပ် ၁,၅၁၀/- နှုန်းဖြင့် ပေးအပ်ခြင်းအား ခွင့်ပြုပေးပါရန် စသည့်အချက်များဖော်ပြလျက် အယူခံလွှာတင်သွင်းလျှောက်ထားသည်။

၇။ လျှောက်ထားသူ အလုပ်သမားများဘက်ကလည်း ၎င်းတို့၏ လျှောက်ထားလွှာတွင် ခုံသမာဓိအဖွဲ့၏ ဥပဒေနှင့်အညီ ဆုံးဖြတ်မှုအပေါ် လက်ခံငြင်းဆိုရန် ဆန္ဒတစ်စုံတစ်ရာမရှိပါ။ သို့သော်လည်း ကုမ္ပဏီသည် မိမိအကျိုးစီးပွားထိခိုက်နစ်နာမှုအပေါ်ရှေးရှု၍ နှစ်ကာလကြာအောင်တာဝန်ထမ်းဆောင်ခဲ့သည့် ဝန်ထမ်းများ၏ စားဝတ်နေရေးကို မျက်ကွယ်ပြုခဲ့ပါသည်။ အလုပ်သမားများအနေဖြင့် ဥပဒေနှင့်အညီ အချိန်ကာလတစ်ခုအတွင်း သက်ဆိုင်ရာ အလုပ်သမားရုံးဌာနအဖွဲ့အစည်းထံ တိုင်ကြားမှုမရှိစေရန်အတွက် လုပ်ငန်းပြန်လည်လည်ပတ်မည်ဟုဆိုသည့် ရုံးတွင်းကြေညာချက်များကို ထပ်ဆင့်ထုတ်ပြန်၍ အချိန်နှောင့်နှေးကြန့်ကြာမှုဖြစ်ပေါ်စေခြင်းမျိုးကိုပြုလုပ်ခဲ့ကြောင်း၊ ဝန်ထမ်းများအနေဖြင့် ကုမ္ပဏီပေါ် ထောက်ထားသောအားဖြင့် အလုပ်ရပ်နားစဉ်ကာလအတွင်း အလုပ်သမားရုံးသို့တိုင်ကြားရန်သိရှိပါသော်လည်း ကုမ္ပဏီကိုငဲ့ညှာ၍ လည်ပတ်မည့်အချိန်ကို စောင့်မျှော်နေခဲ့ပါကြောင်း၊ အလုပ်သမားများအနေဖြင့် ကုမ္ပဏီခေတ္တရပ်နားစဉ်ကလည်း ကုမ္ပဏီ၏ ထောက်ပံ့မှုသည်လည်း အလွန်နည်းပါးခြင်းဖြစ်၍ မိသားစုစားဝတ်နေရေးကာလရှည်ရပ်တည်နိုင်ခြင်းမရှိပါ။ ပြင်ပလုပ်ငန်းတူများတွင်လည်း ဆောင်းပါးသတင်းများရေးခြင်းကိုလည်း ကုမ္ပဏီမှ ခွင့်မပြုခဲ့ပါကြောင်း၊ ယခင်အလုပ်စတင်ခန့်ထားစဉ်တွင် ဒေါ်လာဖြင့်ခန့်ခဲ့ပြီးယင်းကာလ၏ ဗဟိုဘဏ်မှသတ်မှတ်သော ကာလပေါက်ဈေးဖြင့် တွက်ချက်ကာ အလုပ်ရှင်မှလစာပေးချေခဲ့ပါကြောင်း၊ ကျွန်တော်တို့သည် ထောက်ပံ့ကြေးအနည်းငယ်ဖြင့် (၂) နှစ်တာကာလနီးပါး အလုပ်စောင့်ဆိုင်းရပ်နားခဲ့ရခြင်းဖြစ်ပြီး ၃၀-၈-၂၀၂၂ ရက်နေ့တွင် ကုမ္ပဏီမှ ၃၀-၉-၂၀၂၂ ရက်နေ့တွင် အလုပ်ရပ်နားမည်ဖြစ်ကြောင်း တစ်လကြိုတင်ကြေညာခဲ့ပြီး ကုမ္ပဏီမှ အလုပ်ထုတ်နစ်နာကြေးကို မူရင်းလစာ၏ ၇၀%နစ်နာကြေးပေးလျော်ရန် ကြေညာခဲ့ပါကြောင်း၊ ထိုနစ်နာကြေးပေးလျော်မှုအပေါ် ကျေနပ်မှုမရှိသဖြင့် မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့မှတစ်ဆင့် ခုံသမာဓိအဖွဲ့၏အဆုံးအဖြတ်ကို ရယူခဲ့ပါသည်။ ကျွန်တော်တို့အား အလုပ်စတင်ခန့်ထားစဉ်တွင် အလုပ်ရှင်ကုမ္ပဏီမှ ဒေါ်လာဖြင့်စတင်ခန့်ခဲ့ခြင်းဖြစ်ပြီး ယင်းကာလ၏ ဗဟိုဘဏ်မှ သတ်မှတ်သောပျမ်းမျှကာလပေါက်ဈေးကို အခြေခံဖြင့် တွက်ချက်ကာ အလုပ်ရှင်မှ လစာပေးချေခဲ့ခြင်းဖြစ်ပါကြောင်း၊ အလုပ်ထုတ်နစ်နာကြေးကို ယခုကာလ အစိုးရသတ်မှတ်ထားသော ဒေါ်လာဈေးနှုန်းထားဖြင့် ပေးလျော်ရန် စဉ်းစားပေးစေလိုပါကြောင်း စသည့်အချက်များကို ဖော်ပြလျက်လျှောက်ထားတင်ပြသည်။

၈။ ဤအငြင်းပွားမှုတွင် ခုံသမာဓိအဖွဲ့က အလုပ်ရှင်နှင့် အလုပ်သမားတို့၏ နှစ်ဖက်ထွက်ဆိုမှုနှင့် တောင်းဆိုမှုတို့ လိုက်လျောဖြေလျှော့၍ ဆုံးဖြတ်ချက်ချမှတ်ထားသည်။ အလုပ်ရှင်၏

တောင်းဆိုချက်အတိုင်း လစာ၏ ၈၀%ကို အလုပ်သမား၏ တောင်းဆိုချက်အတိုင်း ယနေ့ ဈေးကွက်ပေါက်ဈေး USD တစ်ဒေါ်လာလျှင် မြန်မာငွေကျပ် ၂,၁၀၀/- သတ်မှတ်၍ အလုပ်ရပ်စဲမှု နစ်နာကြေးကို လုပ်သက်အလိုက်နစ်နာကြေးတွက်ချက်၍ ဆုံးဖြတ်ထားခြင်း ဖြစ်ပေသည်။ ယင်းဆုံးဖြတ်ချက်ကို ကျေနပ်မှုမရှိသဖြင့် အလုပ်ရှင်နှင့် အလုပ်သမား နှစ်ဖက်စလုံးက ခုံသမာဓိ ကောင်စီသို့ လျှောက်ထားရာတွင်လည်းပဋိပက္ခဝိရောဓိ အသွင်ဆောင်လျက် အငြင်းပွားမှုသည် ပြီးပြတ်ခြင်းမရှိဘဲ လိပ်ခဲတည်းလဲ ဖြစ်နေပေသည်။ မည်သည့်စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနဌမဆို အလုပ်ပိတ်သိမ်းခြင်း၊ လုပ်သားအင်အားလျှော့ချခြင်း၊ ဥပဒေအတိုင်း မဟုတ်သော အလုပ်ရပ်စဲ၊ ထုတ်ပယ်ခံရခြင်းတို့တွင် အလုပ်သမားအား ၎င်း၏ အလုပ်အကိုင်အခွင့်အလမ်းနစ်နာဆုံးရှုံးရမှု အတွက် ဥပဒေနှင့်အညီ အလုပ်ရပ်စဲမှုနစ်နာကြေးကို ခံစားခွင့်ပေးရမည်သာဖြစ်သည်။

၉။ အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးဥပဒေပုဒ်မ ၅၉(ခ) နှင့် အလုပ်အကိုင်နှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဥပဒေပုဒ်မ ၄၁(ခ) တို့အရ အလုပ်သမားဝန်ကြီးဌာနသည် အလုပ်ရပ်စဲခံရသော အလုပ်သမားများအား အလုပ်ရှင်ကပေးရမည့် နစ်နာကြေးနှုန်းထားများကို အမိန့်ကြော်ငြာစာအမှတ် (၈၄/၂၀၁၅) ဖြင့် သတ်မှတ်လိုက်ပြီး အလုပ်ရှင်သည် အလုပ်သမား သို့အဟုတ် အလုပ်သမားများအား အလုပ်ရပ်စဲခြင်းဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဥ်း၍ တစ်ဆက်တည်း လုပ်သက်ရှိသူများအတွက် နောက်ဆုံးထုတ်လစာ (အချိန်ပိုကြေးမပါ)ဖြင့် ဖော်ပြပါ နစ်နာကြေးနှုန်းထားများအတိုင်း ပေးရမည်ဟု ပြဋ္ဌာန်းထုတ်ပြန်ထားသည်။ယင်းပြဋ္ဌာန်း ချက်နှင့်အညီ အလုပ်သမားများ၏ နောက်ဆုံးရရှိသောလစာ/ နောက်ဆုံးထုတ်လစာ (အချိန်ပိုကြေးမပါ)ဖြင့် သတ်မှတ်ပေးထားသောလုပ်သက်အလိုက် နစ်နာကြေးနှုန်းထားများ အတိုင်း တွက်ချက်၍ အလုပ်ရပ်စဲမှုနစ်နာကြေးကို ခံစားခွင့်ပြုသင့်သည်။ သို့မှသာ ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်ကြော်ငြာစာအမှတ်(၈၄/၂၀၁၅)ပါ ပြဋ္ဌာန်းချက်များနှင့်ညီညွတ်မှန်ကန်၍ တရားမျှတမှုရှိမည်ဖြစ်သည်။ ဤအငြင်းပွားမှုတွင် ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့က အလုပ်သမား ဦးဇေယျာဟိန်းပါ (၅)ဦးအား လုပ်သက်အလိုက်နစ်နာကြေးကို နောက်ဆုံးထုတ် လစာဖြင့် တွက်ချက်ပေးရမည်ကို အလုပ်ရှင်ပေးသော လစာ၏၈၀%ဖြင့် တစ်ဒေါ်လာလျှင် (လက်ရှိကာလပေါက်ဈေး)ယခုအစိုးရသတ်မှတ်ဈေးနှုန်း ကျပ်၂,၁၀၀/-ဖြင့် တွက်ချက်ထုတ်ပေးရန် ဆုံးဖြတ်ချက်ချမှတ်ခြင်းသည် ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ပြဋ္ဌာန်းချက်များနှင့်ညီညွတ်မှန်ကန်မှု မရှိသည့်အပြင် တရားမျှတမှုရှိမည် မဟုတ်ကြောင်း စိစစ်တွေ့ရှိရသဖြင့် ယင်းဆုံးဖြတ်ချက်ကို အတည်ပြုရန် အကြောင်းမရှိပေ။ ထို့ကြောင့် အလုပ်ရှင်နှင့် အလုပ်သမား နှစ်ဖက်စလုံး

လျှောက်ထားလွှာများ တင်သွင်းသည့် ပြင်ဆင်မှု အယူခံလျှောက်ထားလွှာများအပေါ် ခုံသမာဓိကောင်စီ၊ ခုံအဖွဲ့က ၂၀၁၂ ခုနှစ်၊ အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးနည်းဥပဒေ ၂၃ (င) ကို ကျင့်သုံးလျက် အောက်ပါအတိုင်း စီရင်ဆုံးဖြတ်လိုက်သည်။

**ဆုံးဖြတ်ချက်အမှတ် (၁)။**

(က) ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့၏ ( ၂၂-၁၁-၂၀၂၂ ) ရက်စွဲပါ အငြင်းပွားမှုအမှတ် ( ၅၂/၂၀၂၂ ) အပေါ် ချမှတ်ထားသည့် ဆုံးဖြတ်ချက် ကို ပယ်ဖျက်လိုက်သည်။

( ခ ) ဦးဇေယျာဟိန်းပါ အလုပ်သမား (၅) ဦးအား ၎င်းတို့ နောက်ဆုံးရရှိသော နောက်ဆုံးထုတ်လစာ (၁-၃-၂၀၂၁ ရက်နေ့မှ စ၍ လုပ်ငန်းယာယီ ပိတ်သိမ်းသဖြင့် ၂၀၂၁ခုနှစ်၊ ဖေဖော်ဝါရီလ (၂/၂၀၂၁) လစာ) ကို (အချိန်ပိုကြေးမပါ)ဖြင့် အမိန့်ကြော်ငြာစာအမှတ် (၈၄/၂၀၁၅) ပါ လုပ်သက်အလိုက် သတ်မှတ်ထားသည့် နစ်နာကြေးနှုန်းထားများနှင့်အညီ စိစစ်တွက်ချက်၍ အောက်ပါအတိုင်း အလုပ်ရပ်စဲမှု နစ်နာကြေးပေးရန် ဆုံးဖြတ်သည်-

| စဉ် | အမည် | အလုပ်ရှင်ပေးသည့် နောက်ဆုံးထုတ်လစာ | အလုပ်ဝင် ရက်စွဲ | ၃၀-၉-၂၀၂၂ ရက်နေ့အထိ လုပ်သက် | အလုပ်ရပ်စဲမှု နစ်နာကြေး (စုစုပေါင်း) |
|---|---|---|---|---|---|
| ၁။ | ဦးဇေယျာဟိန်း | ၄၂၀,၀၀၀ | ၁-၃-၂၀၁၉ | ၃နှစ် ၆လ | ၄၂၀,၀၀၀ × ၃ = ၁,၂၆၀,၀၀၀ိ/- |
| ၂။ | ဦးဇာနည် | ၆၉၃,၆၀၀ | ၃-၈-၂၀၀၉ | ၁၃နှစ် ၁လ | ၆၉၃,၆၀၀ × ၈ = ၅,၅၄၈,၈၀၀ိ/- |
| ၃။ | ဦးတိုးဝေအောင် | ၄၂၀,၀၀၀ | ၁-၆-၂၀၁၃ | ၉နှစ် ၃လ | ၄၂၀,၀၀၀ × ၆ = ၂,၅၂၀,၀၀၀ိ/- |
| ၄။ | ဦးစည်သူအောင်မျိုးကျော် | ၄၂၀,၀၀၀ | ၁-၅-၂၀၁၉ | ၃နှစ် ၄လ | ၄၂၀,၀၀၀ × ၃ = ၁,၂၆၀,၀၀၀ိ/- |
| ၅။ | ဦးသက်ဇင်စိုး | ၆၀၀,၈၀၀ | ၁၂-၁၁-၂၀၁၉ | ၂နှစ် ၉လ | ၆၀၀,၈၀၀ × ၁၁/၂ = ၉၀၁,၂၀၀ိ/- |

ဤဆုံးဖြတ်ချက်သည် ချမှတ်သည့်နေ့ရက်မှစ၍ အာဏာတည်စေရမည်။

၁၂။ အထက်ပါ ဆုံးဖြတ်ချက်အရ ပေးရန်တာဝန်ရှိသည့်ငွေများကို ဤဆုံးဖြတ်ချက်ချသည့် နေ့ရက်မှစ၍ ရက်ပေါင်း၃၀အတွင်း ပေးရမည်။အလုပ်ရှင်ဘက်မှ ပေးရန်ပျက်ကွက်ပါက ၂၀၁၂ခုနှစ်၊ အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေး နည်းဥပဒေ၂၉အရ အဆိုပါငွေကို မြေခွန်မပြေကျန်ငွေကဲ့သို့ အရကောက်ခံရမည်။





| | | |
|---|---|---|
| ဒေါ်မြတ်မြတ်ကျော် | ဦးဖေအောင်ဝန် | ဦးမောင်မောင်အေး |
| အဖွဲ့ဝင် | ဥက္ကဋ္ဌ | အဖွဲ့ဝင် |